Burmese/မြန်မာ

AEC
Australian Electoral Commission

# 2019 ခုနှစ် နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲဆိုင်ရာ
# သင့်အတွက် တရားဝင် လမ်းညွှန်

**2019 ခုနှစ်၊ မေလ ၁၈ ရက်၊ စနေနေ့**



သင့်မဲသည် ဩစတြေးလျားနိုင်ငံကို ပုံဖော်ပေးရာ၌
အထောက်အကူပြုပါလိမ့်မည်။

**အသက် 18 နှစ်နှင့် အထက်အရွယ်ရှိကြသည့် ဩစတြေးလျားနိုင်ငံသားများအားလုံး မဲ မပေးဘဲမနေရ ဖြစ်ပါသည်**

# ရွေးကောက်ပွဲနေ့ သည် 2019 ခုနှစ် စနေနေ့ မေလ 18 ရက် ဖြစ်သည်။ မဲရုံများ နံနက် 8 နာရီတွင် ဖွင့်ပြီး ညနေ 6 နာရီတိတိ တွင် ပိတ်မည်ဖြစ်ပါသည်။

## ကျွန်ုပ် ဘယ်နေရာမှာ မဲပေးရမလဲ။

ရွေးကောက်ပွဲနေ့တွင် သင်၏ ပြည်နယ် သို့မဟုတ် ဒေသ အတွင်းရှိသော မည်သည့် မဲရုံတွင်မဆို သင် မဲပေးနိုင်ပါသည်။

မဲရုံများသည် ဒေသခံကျောင်းများ၊ ဘုရားကျောင်းများ နှင့် လူမှုအသိုင်းအဝိုင်း ခန်းမဆောင်များ သို့မဟုတ် အစိုးရရုံးများတွင် အများအားဖြင့် တည်ရှိလေ့ရှိသည်။

သင်နှင့် အနီးဆုံးတည်ရှိရာ မဲရုံကို ရှာဖွေရန် **www.aec.gov.au/where** ကြည့်ပါ။ မဲရုံများဆိုင်ရာ အသေးစိတ်ကို ရွေးကောက်ပွဲနေ့အကြိုတွင် မြို့ပြဒေသမှ အဓိက သတင်းစာများ၌လည်း ထုတ်ဝေဖော်ပြလိမ့်မည်ဖြစ်သည်။

မဲရုံများဆိုင်ရာ အသုံးပြုနိုင်မှု အဆင့်သတ်မှတ်ချက်များ နှင့် အသေးစိတ် အချက်အလက်များကို **www.aec.gov.au/where** ၌ သင် စစ်ဆေးကြည့်နိုင်ပါသည်။

မျက်စိကွယ်နေသူ သို့မဟုတ် ကောင်းမွန်စွာ မမြင်နိုင်ကြသူများအနေဖြင့် မဲပေးနိုင်ရာနည်းလမ်းများကို သိရန် ကျေးဇူးပြု၍ 13 23 26 ကို ဖုန်းဆက်ပါ။

အကယ်၍သင်သည် ရွေးကောက်ပွဲနေ့တွင် ပြည်နယ်ခြားပြီး နောက်တစ်နေရာတွင် ရောက်ရှိနေမည်ဖြစ်ပါက၊ သင်သည် သတ်မှတ်ထားသော ပြည်နယ်ခြား မဲပေးရုံ၌ မဲပေးနိုင်ပါသည် သို့မဟုတ် ကြိုတင် မဲထည့်နိုင်သော အောက်ပါနည်းလမ်းများကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

## ရွေးကောက်ပွဲနေ့တွင် ကျွန်ုပ် မဲမပေးနိုင်လျှင်ကော။

အကယ်၍သင်သည် ရွေးကောက်ပွဲနေ့တွင် သင့်ပြည်နယ် သို့မဟုတ် သင့်ဒေသတွင် ရှိသော မဲရုံတစ်ခုခုသို့ မသွားနိုင်ခဲ့လျှင်၊ သင့်၌ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် စာတိုက်မှတဆင့်ဖြစ်စေ၊ မဲပေးခွင့်အတွက် လိုအပ်ချက်ပြည့်မီမှု ရှိကောင်းရှိနိုင်ပါမည်။

### လူကိုယ်တိုင် ကြိုတင် မဲပေးနည်း

သင်သည် ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင် မဲထည့်နိုင်သော ဌာန၌လည်းကောင်း၊ အလွယ်တကူ ရွှေ့ပြောင်းနိုင်သော မဲရုံအဖွဲ့ထံ၌လည်းကောင်း၊ သို့မဟုတ် ပင်လယ်ရပ်ခြားရှိ သြစတြေးလျား မဲရုံ၌လည်းကောင်း မဲပေးနိုင်ပါသည်။

ကြိုတင် မဲထည့်နိုင်သော ဌာနများသည် **2019 ခုနှစ်၊ ဧပြီလ 29 ရက်၊ တနင်္လာနေ့** ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။ ဖွင့်လှစ်မည့် ရက်စွဲများနှင့် အချိန်များ ကွာခြားလိမ့်မည်ဖြစ်သောကြောင့် ကြိုတင် မဲထည့်နိုင်သော ဌာနတစ်ခုစီ၏ အသေးစိတ်အချက်အလက်များကို စစ်ကြည့်ရန် **www.aec.gov.au/where** ၌ကြည့်ပါ။

မဲထည့်ရန်အတွက် လိုအပ်ချက် ပြည့်မီမှုအပါအဝင် နောက်ထပ် အချက်အလက်များကို သိရှိရန် **www.aec.gov.au** ၌ကြည့်ပါ သို့မဟုတ် 13 23 26 ကို ဖုန်းဆက်ပါ။

### စာတိုက်မှတဆင့် ကြိုတင် မဲပေးနည်း

အကယ်၍သင့်၌ မဲထည့်ရန်အတွက် လိုအပ်ချက် ပြည့်မီမှုရှိလျှင်၊ သင်သည် **www.aec.gov.au/pva** ဝက်ဘ်ဆိုက်တွင် စာတိုက်မှတဆင့် မဲပေးခွင့်ကို အွန်လိုင်း လျှောက်ထားနိုင်သည်။ လျှောက်လွှာပုံစံများကို မည်သည့် AEC ရုံးမှမဆိုလည်း ရနိုင်ပါသည်။ သင့်လျှောက်လွှာကို ကျွန်ုပ်တို့ထံသို့ **2019 ခုနှစ်၊ မေလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ 6** နာရီထက် နောက်မကျဘဲ ရောက်ရှိရန် AEC သို့ တတ်နိုင်သမျှ စောစီးစွာပို့ပါ။

## ကျွန်ုပ်၏ မဲဆန္ဒနယ် ပြောင်းလဲသွားသလား။

ယခုအခါတွင် ပြည်ထောင်စု မဲဆန္ဒနယ်ပေါင်း (အသစ်နှစ်ခုအပါအဝင်) 151 ရှိပါပြီ။ အချို့သော မဲဆန္ဒနယ်များကို အမည်ပြောင်းလဲလိုက်ပြီဖြစ်ပြီး နောက်ဆုံး နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲကျင်းပပြီးကတည်းက မဲဆန္ဒနယ် အမြောက်အမြား၏ နယ်နိမိတ်များမှာ ပြောင်းလဲသွားပါပြီ။

သင်နေထိုင်သော မဲဆန္ဒနယ်တွင် **www.aec.gov.au/electorate** ၌ စစ်ဆေးကြည့်ပါ။

## မည်သူ့အား မဲပေးရန် ဆိုသည်မှာ သင့် ဆုံးဖြတ်ချက်သာ ဖြစ်ပါသည်

မဲရုံပြင်ပ၌ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များသည် သင့်အား "မည်ကဲ့သို့ မဲပေးရမည်" ကတ်ပြားများကို ပေးအပ်ရန် ကမ်းလှမ်းပေးနိုင်ဖွယ်ရှိပြီး၊ သီးသန့်နည်းတစ်ခုအရ မဲပေးရန် အကြံပြုနိုင်ဖွယ်ရှိမည်။ သင့်အနေနှင့် ယင်းကတ်ပြားများကို လက်ခံရန် သို့မဟုတ် ၎င်းအတိုင်း လိုက်နာရန် မလိုပါ။

## သင့် မဲကို ရေတွက်ခံရစေသော နည်းလမ်း

ရွေးကောက်ပွဲနေ့တွင် သင်သည် **မဲစာရွက် နှစ်ခု** လက်ခံရရှိပါလိမ့်မည်။

- အစိမ်းရောင်မှာ အောက်လွှတ်တော်အတွက်ဖြစ်ပြီး၊
- အဖြူရောင်မှာ ဥပဒေပြု အထက်လွှတ်တော်အတွက်ဖြစ်သည်။

သင်သည် မဲစာရွက် နှစ်ခုလုံးကို မဖြစ်မနေ ပြီးပြည့်အောင် ဖြည့်စွက်ရပါမည်။

အစိမ်းရောင် မဲစာရွက်၌ သင်သည် သင့်ဒေသခံအရပ် သို့မဟုတ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ်တစ်ဦးအား အောက်လွှတ်တော်အတွက် မဲပေးနေခြင်းဖြစ်ပါသည်။

အဖြူရောင် မဲစာရွက်၌ သင်သည် သင့်ပြည်နယ် သို့မဟုတ် ဒေသမှ ကိုယ်စားလှယ်များအား ဥပဒေပြု အထက်လွှတ်တော်အတွက် မဲပေးနေခြင်းဖြစ်ပါသည်။

**အကယ်၍သင်သည် အမှားအယွင်းပြုမိပါက စိတ်မပူပါနှင့်။ သင့်အနေနှင့် နောက်ထပ် မဲစာရွက်တစ်ခုကို တောင်းပြီး ပြန်လည်၍ မဲထည့်နိုင်ပါသည်။**

သင်သည် AEC ဝက်ဘ်ဆိုက်တွင် မဲပေးနည်းကို လေ့ကျင့်နိုင်သည်ကို သိပါသလား။ **www.aec.gov.au/practise-voting** ၌ကြည့်ပါ။

### အောက်လွှတ်တော် (House of Representatives)

အစိမ်းရောင် မဲစာရွက်၌ သင် ရွေးချယ်လိုရာ အစဉ်လိုက်အတိုင်း **ကွက်လပ်တိုင်းကို** မဖြစ်မနေ နံပါတ်တပ်ရပါမည်။


House of Representatives
Ballot Paper

OFFICIAL USE ONLY

State

**Electoral Division of Division Name**

**Number the boxes from 1 to 8 in the order of your choice**

| | | |
|---|---|---|
| | 2 | SURNAME, Given Names<br>INDEPENDENT |
| LOGO | 3 | SURNAME, Given Names<br>PARTY |
| LOGO | 7 | SURNAME, Given Names<br>PARTY |
| LOGO | 4 | SURNAME, Given Names<br>PARTY |
| | 1 | SURNAME, Given Names<br>PARTY |
| LOGO | 5 | SURNAME, Given Names<br>PARTY |
| LOGO | 6 | SURNAME, Given Names<br>PARTY |
| LOGO | 8 | SURNAME, Given Names<br>PARTY |

Remember... number every box to make your v[illegible]unt

SAMPLE

နမူနာ မဲစာရွက်

# ဥပဒေပြု အထက်လွှတ်တော် (Senate)

အဖြူရောင် မဲစာရွက်၌ သင် ရွေးချယ် နိုင်သော မဲပေးနည်း နှစ်မျိုးနှစ်စားရှိပါသည်။

**တစ်ခုမဟုတ်တစ်ခု**

## မျဉ်းကြောင်း၏ အထက်

အကယ်၍သင်သည် မျဉ်းကြောင်းအထက်၌ မဲပေးရန် ရွေးချယ်လျှင်၊ သင်သည် **ကွက်လပ်များ အနည်းဆုံး 6 ခုကို** နံပါတ်တပ်ရန် လိုအပ်ပါမည်။

သင် ပထမ ရွေးချယ်လိုသော အဖွဲ့အစည်း သို့မဟုတ် အစု၏ ကွက်လပ်၌ နံပါတ် ‘1’ ကို ဖြည့်သွင်းပါ၊ ထို့နောက် သင့် ဒုတိယ ရွေးချယ်မှုအတွက် နံပါတ် ‘2’၊ ထို့နောက် သင် ရွေးချယ်လိုသည့်အတိုင်း ကွက်လပ်များ အနည်းဆုံး 6 ခုကို အစဉ်လိုက် ဆက်လက်ဖြည့်သွင်းပါ။ သင်သည် ထိုကဲ့သို့ ပြုလုပ်ခြင်း အားဖြင့် နံပါတ်များကို မျဉ်းကြောင်းအထက်ရှိ ကွက်လပ်များ၌ သင် ရွေးချယ်လိုရာ အစဉ်လိုက်အတိုင်း ဆက်လက်ပြီး ကြိုက်သလောက် ဖြည့်သွင်းသွားနိုင်ပါသည်။




**သို့ မဟုတ်**

## မျဉ်းကြောင်း၏ အောက်

အကယ်၍သင်သည် မျဉ်းကြောင်းအောက်၌ မဲပေးရန် ရွေးချယ်လျှင်၊ သင်သည် သင့်အကြိုက် အစဉ်လိုက်အတိုင်း ကိုယ်စားလှယ်လောင်း တစ်ဦးချင်းအတွက် **ကွက်လပ် အနည်းဆုံး 12 ခုကို** နံပါတ် 1 မှ 12 အထိ **နံပါတ်တပ်ရန်** လိုအပ်ပါသည်။ သင်သည် ထိုကဲ့သို့ ပြုလုပ်ခြင်း အားဖြင့် နံပါတ်များကို မျဉ်းကြောင်းအောက်ရှိ ကွက်လပ်များ၌ သင် ရွေးချယ်လိုရာ အစဉ်လိုက်အတိုင်း ဆက်လက်ပြီး ကြိုက်သလောက် ဖြည့်သွင်းသွားနိုင်ပါသည်။




နမူနာ မဲစာရွက်

**အကယ်၍သင်သည် အမှားအယွင်းပြုမိပါက စိတ်မပူပါနှင့်။ သင့်အနေနှင့် နောက်ထပ် မဲစာရွက်တစ်ခုကို တောင်းပြီး ပြန်လည်၍ မဲထည့်နိုင်ပါသည်။**

သင်သည် AEC ဝက်ဘ်ဆိုက်တွင် မဲပေးနည်းကို လေ့ကျင့်နိုင်သည်ကို သိပါသလား။ **www.aec.gov.au/practise-voting** ၌ကြည့်ပါ။

## မဲရုံ၌ ဘာဖြစ်မည်လဲ။

1. မဲရုံအရာရှိတစ်ဦးက သင်၏ အမည် အပြည့်အစုံနှင့် နေရပ်လိပ်စာကိုမေးပြီး၊ ဤရွေးကောက်ပွဲအတွက် မဲပေးပြီးပြီလားဟု မေးပါလိမ့်မည်။ ထိုနောက် မဲစာရင်းပေါ်ရှိ သင်၏အမည်ကို ခြစ်မှတ်ပစ်ပါလိမ့်မည်။



2. သင့်အား မဲစာရွက် ၂ ရွက် ပေးပါလိမ့်မည်၊ အောက်လွှတ်တော်အတွက် အစိမ်းရောင် နှင့် ဥပဒေပြု အထက်လွှတ်တော်အတွက် အဖြူရောင်ဖြစ်ပါသည်။



3. **မဲစာရွက် ၂ ရွက်စလုံးပေါ်တွင်ပါရှိသည့် ညွှန်ကြားချက်များကို သေသေချာချာ ဖတ်ပါ။** အကယ်၍ သင့်အနေနှင့် မသေချာလျှင် မဲရုံအရာရှိတစ်ဦးဦးထံ၌ အကူအညီတောင်းပါ။



4. သင် မဲစာရွက်များကို ဖြည့်ပြီးနောက် ၎င်းတို့ကိုခေါက်ပြီး မှန်ကန်ရာ မဲပုံးထဲ၌ ထည့်ပါ။

## ဤလမ်းညွှန်၏ အခြားသော ပုံစံများ

သင်သည် အသံပုံစံ နှင့် ပုံနှိပ်စာလုံးကြီးပုံစံတို့ကဲ့သို့သော ဤလမ်းညွှန်၏ အခြားသော ပုံစံအမျိုးအစားများကို **www.aec.gov.au** မှ ဒေါင်းလို့ဒ် လုပ်ယူနိုင်ပါသည်။ 13 23 26 ကို ဖုန်းဆက်၍ တောင်းခံခြင်းအားဖြင့် Braille (မျက်မမြင်များအတွက် လက်နှင့် ဖတ်နိုင်သည့်စာ) ကိုလည်း ရရှိနိုင်ပါသည်။

အကယ်၍သင်သည် နားလေးနေလျှင် သို့မဟုတ် အကြားအာရုံ သို့မဟုတ် စကားပြောဆိုမှု၌ ချို့ယွင်းချက်ရှိလျှင်၊ ကျွန်ုပ်တို့အား National Relay Service (အမျိုးသား ထပ်ဆင့်လွှင့် ဝန်ဆောင်မှု အဖွဲ့အစည်း)မှ တဆင့်ဆက်သွယ်ပါ။

- TTY ဖုန်း သုံးသူများ 13 36 77 ကိုဆက်ပြီး 13 23 26 ဟု ကိုးကား ပြောပြပါ။
- Speak and Listen (စကားပြောပြီး နားထောင်သည့် ဝန်ဆောင်မှု) သုံးသူများ ဖုန်း 1300 555 727 ကိုဆက်ပြီး 13 23 26 ဟု ကိုးကားပြောပြပါ။
- အင်တာနက် လက်ဆင့်ကမ်း သုံးသူများ NRS ကိုဆက်သွယ်ပြီး 13 23 26 ကို တောင်းပါ။

## အခြားဘာသာစကားများဖြင့် သိကောင်းစရာ အချက်အလက်များ

ဘာသာပြန်ထားသော ဤလမ်းညွှန်ကို **www.aec.gov.au/translated** ဝက်ဘ်ဆိုက်မှ ဒေါင်းလို့ဒ် လုပ်ယူနိုင်ပါသည်။ .

## တယ်လီဖုန်းဖြင့် စကားပြန် ဝန်ဆောင်မှုများ

မဲထည့်ခြင်းနှင့် ရွေးကောက်ပွဲတို့နှင့် ပတ်သက်သည့် သိကောင်းစရာ အချက်အလက်များအတွက် တယ်လီဖုန်းဖြင့် စကားပြန် ဝန်ဆောင်မှုကို ရရှိနိုင်ပါသည်။ 1300 720 153 ကို ဖုန်းဆက်ပြီး သင့်ဘာသာစကားအတွက် အကူအညီတောင်းခံပါ။

**အသက် 18 နှစ်နှင့် အထက်အရွယ်ရှိကြသည့် ဩစတြေးလျားနိုင်ငံသားများအားလုံး မဲ မပေးဘဲမနေရ ဖြစ်ပါသည်။** အကယ်၍သင် မဲမပေးပါက သင့်အား တရားစွဲနိုင်ဖွယ်ရှိမည်။

အကယ်၍သင်သည် တစ်ခါထက်ပိုပြီး မဲပေးပါက ၎င်းမှာ ရာဇဝတ်မှုမြောက်သော ပြစ်မှုတစ်ရပ်ဖြစ်ပါသည်။

17_0919



AEC Australian Electoral Commission

Authorised by the Electoral Commissioner, Canberra.